**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ**

**ကြေညာချက်**

**အမှတ်၊ ၁/၂၀၁၆**

**ရန်ကုန်မြို့၊ ၁၃၇၇ ခုနှစ် တပို့တွဲလဆုတ်(၁၅) ရက်နေ့**

**(၂၀၁၆ ခုနှစ် မတ်လ ၈ ရက်)**

၁။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် သက်တမ်းတိုးမြှင့်၍လည်းကောင်း၊ အသစ်ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသော အသင်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြု သက်တမ်းမှာ ၃၁-၃-၂၀၁၆ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကာလအတွက် လုပ်ငန်းဆောင်ရွက်ခွင့် သက်တမ်းတိုးမြှင့်ခြင်းနှင့် အေဂျင်စီအသစ်ဖွဲ့စည်းခြင်းများအား(၁-၄-၂၀၁၆) ရက်နေ့ မှစတင်၍ (၃၀-၇-၂၀၁၆)ရက်နေ့အတွင်း လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့် သက်တမ်းတိုးမြှင့်ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဦးချင်းကိုင်ဆောင်ရမည့် အဝါရောင်ကဒ်နှင့် ပန်းရောင်ကဒ်များရရှိသည်အထိဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကာလကျော်လွန်ပါက လုပ်ငန်းဆောင်ရွက်ခွင့်ပေးမည်မဟုတ်ကြောင်းနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ကိုပါ ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ဖွဲ့စည်းဆောင်ရွက်မည့် အကောက်ခွန်ဝန်ဆောင်မှုအသင်းများသည် ဤဦးစီးဌာနမှ (၂၆-၈-၂၀၀၈) ရက်နေ့တွင် ထုတ်ပြန်သည့် ရုံးတွင်းအမိန့်စာအမှတ် (၂၇၄/၂၀၀၈)နှင့် ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲမှ (၂၅-၉-၂၀၀၈)ရက်နေ့တွင် ထုတ်ပြန်သည့် ရုံးတွင်းအမိန့်စာအမှတ် (၈၄/၂၀၀၈)တို့အား တိကျစွာ လိုက်နာသွားရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ အမိန့်များနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သိန်းဌေး

ညွှန်ကြားရေးမှူး (ထုတ်/သွင်း)

စာအမှတ်- ၅ - ရာ / ၂၀၁၆ ( ၅၈၈ )

ရက်စွဲ - ၂၀၁၆ ခုနှစ် မတ်လ ၈ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း

(အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအေဂျင်စီများအားလုံးသို့အသိပေးအကြောင်း ကြားရန်)

ကြော်ငြာသင်ပုန်း

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်<br>
ဒုတိယညွှန်ကြားရေးမှူးချုပ် } ထံသိသာနိုင်ပါရန်တင်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူး (ကာ/နယ်/စစရ/စီမံ/ထောက်ပို့/ဘဏ္ဍာ)

ရုံးလက်ခံ

မျှောစာတွဲ